## ၆။ ယင်ဖြူ

**Tabacco Whitefly: *Bemisia tabaci* (Gennadius, 1889)**

**Hemiptera: Aleyrodidae**

**ဖျက်ကောင်ပုံသဏ္ဍာန်များ**






ဥများသည် မျက်နှာပြင်ချောမွေ့၍ ဘဲဥပုံသဏ္ဍာန်ရှိပြီး အဝါရောင်ရှိသည်။ ဥများကို ခရုပတ်ပုံစံ အုလေ့ရှိသည်။ အရွယ်ရောက်ကောင်ဖြစ်သည့် အကောင်ကြီး၏ အတောင်ပံသည် အဖြူရောင်ရှိပြီး ဖယောင်းလွှာဖြင့် ဖုံးထားသော ဖလံပုံစံအင်းဆက်ဖြစ်သည်။

**ဖျက်ဆီးပုံလက္ခဏာများ**



အရွက်များတွင် အဝါရောင်အစက်အပြောက်များတွေ့ရ ပြီး ဆိုးဆိုးရွားရွား ကျရောက်ပါ က အရွက်များတွင် တွန့်လိပ်နေသည်ကိုတွေ့ရသည်။

**ဘဝစက်ဝန်း**

| | |
|---|---|
| ဥအဆင့် | -(၇-၁၀)ရက် |
| ပိုးမည်အဆင့် | -(၂-၄)ရက် |
| အကောင်ကြီးအဆင့် | -(၉-၆၀)ရက် |

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁)ယခင်နှစ်မှကျန်ရှိသောပင်ကြွင်းပင်ကျန်များအားမီးရှို့ဖျက်ဆီးပါ။

(၂)စိုက်ခင်းပတ်ဝန်းကျင်ရှိပေါင်းမြက်များအားရှင်းလင်းပါ။

(၃)သီးလှည့်စိုက်ပါ။

(၄)ထယ်ရေးနက်နက်ထွန်ပါ။

(၅)မြေပြင်ချိန်တွင်မြေခံအဖြစ် ဖီပရိုနေးဂျီအာ(Fipronil 3GR)ထည့်ပါ။

(၆)အပင်စိပ်စိပ်မစိုက်ပါနှင့်။

(၇)စိုက်ခင်းပတ်လည်တွင်နေကြာစိုက်ပေးခြင်းဖြင့်မိတ်ဆွေပိုးများအားဆွဲဆောင်ပါ။

(၈)အရွက်အောက်မျက်နှပြင်တွင်ယင်ဖြူကျရောက်မှုအားအမြဲမပြတ်ကင်း ထောက်ပါ။

(၉)ယင်ဖြူသည်ဓါတုပိုးသတ်ဆေးများအားအလွယ်တကူယဉ်ပါးနိုင်သဖြင့်အပင်ထွက်ပစ္စည်းများမှထုတ်လုပ်သောပိုးသတ်ဆေးများအားအသုံးပြုပါ။(တမာပိုးသတ်ဆေး၊တမာကြိတ်ဖတ်၊ဆေးရွက်ကြီး)

(၁၀)အရွက်အောက်မျက်နှာတွင်အဖြူရောင်အမှျင်များ(ဖယောင်းလွှာ)ထွက်ပြီးချိန်မှဆေးဖျန်းမည်ဆိုပါကဆပ်ပြာဖျော်ရည်ဖြင့်အရွက်အောက်မျက်နှာပြင်ရောက်အောင်နှံ့နှံ့စပ်စပ်ပက်ဖျန်းပြီးမှပိုးသတ်ဆေးဖျန်းပါ။(ဆပ်ပြာမှုန့် ၂၀၀ ဂရမ်/ရေ ၂၅ လီတာ)

(၁၁)ထိသေ၊စားသေ(သို့)ပင်လုံးပြန့်ပိုးသတ်ဆေးတစ်မျိုးမျိုးကိုဆေးအညွှန်းအတိုင်းပက်ဖျန်းပါ။ ပိုးသတ်ဆေးများ ကို အသုံးပြုပါက အညွှန်းစာ တွင် ဖော်ပြ ထားသည့် မခူးဆွတ်မီစောင့်ဆိုင်းရမည့်ကာလ Pre-harvest Interval (PHI) ကို လိုက်နာ ၍စနစ်တကျ ခူးဆွတ်ပါ။

- ဒိုင်မီသိုအိတ်( Dimethoate)
- ဒိုင်နိုတီဖြူရမ်(Dinotefuran)

- ပိုင်မီထရိုဇင်း (Pymetrozine)
- စပီရိုမက်ဆီဖန်(Spiromesifen)
- စပီရိုတက်ထရာမက် (Spirotetramat)